**ချင်းပြည်နယ်ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီ**

ဟိုတယ်/တည်းခိုရိပ်သာများ ဖွင့်လှစ်ရာတွင်

COVID-19 ရောဂါ ကာကွယ်ထိန်းချုပ်ရေး

အထောက်အကူဖြစ်စေရေးအတွက် လိုက်နာဆောင်ရွက်ရန်အချက်များ

(၂၀၂၀ပြည့်နှစ် ၊ မေလ ၂၁ ရက်)

**ဝန်ထမ်းများအတွက် စီစဉ်ဆောင်ရွက်ရန်အချက်များ**

(၁) COVID-19 ရောဂါပိုးတွေ့ရှိသူ၊ စောင့်ကြည့်လူနာအဖြစ် သတ်မှတ်ခြင်းခံရသူ၊ အသွားအလာကန့်သတ်ခြင်းခံရသူတို့နှင့် ဆက်စပ်မှုရှိသူများအား လုပ်ငန်းခွင်သို့ တာဝန်ချထားမှု မရှိစေရန်၊

(၂) လုပ်ငန်းခွင်မဝင်မီ ဝန်ထမ်းများအား Non-contact Thermometer အသုံးပြု၍ အပူချိန်တိုင်းတာခြင်း၊ကျန်းမာရေးစစ်ဆေးခြင်းများကိုနေ့စဉ်ဆောင်ရွက်ရန်နှင့် မှတ်တမ်းထားရှိရန်၊

(၃) COVID-19 လက္ခဏာများဖြစ်သော ဖျားခြင်း၊ ချောင်းဆိုးခြင်းနှင့် အခြားကျန်းမာရေးချို့ယွင်းမှုများ ခံစားနေရသည့် ဝန်ထမ်းများကို လုပ်ငန်းခွင်သို့ မဝင်ရောက်စေဘဲ ကျန်းမာရေးဌာနသို့ သွားရောက်ဆေးကုသမှုခံယူနိုင်ရန် စီစဉ်ထားရှိရန်၊

(၄) အလုပ်တက်/ဆင်းသည့် ဝင်ပေါက်/ထွက်ပေါက်များတွင် လူစုလူဝေးမဖြစ်ပေါ်စေရန် တစ်ဦးနှင့်တစ်ဦး (၆)ပေအကွာမှခွာ၍ အဝင်အထွက်ပြုလုပ်နိုင်ရန် စီစဉ်ထားရှိရန်၊

(၅) ဝန်ထမ်းများအားလုံး လုပ်ငန်းခွင်တွင် တစ်ခါသုံးလက်အိတ်များ၊ Surgical Mask ၊ Face Shield များဝတ်ဆင်ပြီးမှ ဝန်ဆောင်မှုပြုရန်နှင့် လုပ်ငန်းရှင်မှလုံလောက်စွာထောက်ပံ့ရန်၊

(၆) အချိန်ကာလ အပိုင်းအခြား၊ အဆိုင်းတစ်ခုချင်းစီအလိုက် တာဝန်ခွဲဝေထားသော ဝန်ထမ်းများကို အဆိုင်းမရွှေ့ပြောင်းဘဲ တာဝန်ချထားရန်၊

(၇) ဟိုတယ်ဝန်ထမ်းများအတွက် အိပ်ဆောင်များရှိပါက သီးသန့် အကာအရံများ ထားရှိပေးခြင်း (သို့မဟုတ်)တစ်ယောက်နှင့်တစ်ယောက် အနည်းဆုံး (၆)ပေ အကွာအဝေး နေရာချထားရန်၊

(၈) ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန နှင့် သက်ဆိုင်ရာ ဒေသန္တရအာဏာပိုင်အဖွဲ့များမှ ထုတ်ပြန်ထားရှိသော COVID-19 ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ အသိပညာပေးအချက်များ၊ ညွှန်ကြားချက်နှင့် အမိန့်များကို ဝန်ထမ်းများ ဖတ်ရှု၊ သိရှိ လိုက်နာဆောင်ရွက်စေရေး စီမံထားရှိရန်၊

(၉) လုပ်ငန်းခွင်သို့လာရောက်ခြင်း၊ ဈေးဝယ်ထွက်ခြင်းများစသည့် ပြင်ပသို့ ထွက်ခွာခြင်းများ ဆောင်ရွက်ရာတွင် ဝန်ထမ်းများအား အများသုံးယာဉ် (Public Transport) အား အသုံးမပြုစေဘဲ သီးသန့်ဖြစ်စေသော(Private Transport)ယာဉ် ဖြင့် ဆောင်ရွက်စေရန်၊

(၁၀) ဝန်ထမ်းများအနေဖြင့် ခန္ဓာကိုယ်တွင် အသုံးအဆောင် ပစ္စည်းများ (နာရီ၊ လက်စွပ်၊ ဖုန်း စသည့်) ဝတ်ဆင် ကိုင်ဆောင်ခြင်းများကို လျှော့ချရန်၊

(၁၁) ဝန်ထမ်းများ တကိုယ်ရေသန့်ရှင်းရေးကို အလေးထားဆောင်ရွက်ရန် နှင့် လုပ်ငန်းခွင်မှ နေအိမ်သို့ ပြန်လည်ရောက်ရှိပါက အဝတ်အစားများအား ချက်ချင်းလဲလှယ်ရန်နှင့် လျှော်ဖွတ်ရန်၊

## ဟိုတယ်ဧည့်ခန်းမ၊ ဧည့်ကြိုကောင်တာတွင် စီစဉ်ဆောင်ရွက်ရန်အချက်များ

(၁) ဧည့်ကြိုကောင်တာတွင် ဧည့်သည်နှင့် ထိတွေ့မှု မရှိအောင် အကာအကွယ် မှန်ဘောင်ဖြင့် ဆောင်ရွက်ထားရှိရန်၊

(၂) လက်ဆေးရန်နေရာများ၊ Alcohol ၆၀% နှင့်အထက်ပါသော လက်သန့်ဆေးရည်များကို ဟိုတယ်ဝင်ပေါက်နှင့် အသွားအလာများသည့်နေရာများတွင် အလွယ်တကူအသုံးပြုနိုင်ရေး အဆင်သင့်ထားရှိရန်၊

(၃) Non-contact Thermometer အသုံးပြု၍ ဧည့်သည်များ၊ ဝန်ထမ်းများ၏ကိုယ်အပူချိန်ကို တိုင်းတာရန်နှင့် မှတ်တမ်းထားရှိရန်၊

(၄) ဧည့်သည်၏ ခရီးသွားရာဇဝင်၊ ဆက်သွယ်ရန်ဖုန်းနံပါတ်နှင့် ဟိုတယ်သို့လာရောက်သော ဧည့်သည်များ၏ ကားနံပါတ်များ၊ ယာဉ်လိုင်းအမည်များကို မှတ်တမ်းထားရှိရန်၊

(၅) ဧည့်သည်နှင့်အတူပါလာသော ပစ္စည်းများ (ဥပမာ- ခရီးဆောင်အိတ်၊ ကွန်ပျူတာအိတ်) စသည်တို့ကို ပိုးသတ်သန့်ရှင်းရေးဆောင်ရွက်ပြီးမှ အိပ်ခန်းများသို့ ပို့ဆောင်ရန်၊

(၆) COVID-19ရောဂါ ကာကွယ်ထိန်းချုပ်ရေးလမ်းညွှန်ချက်များ၊ အသိပညာပေးစာစောင်များ၊ ပိုစတာများကို အများမြင်သာသည့်နေရာများတွင် အသိပေးကြေညာထားရှိရန်၊

(၇) ဟိုတယ်ဝင်ပေါက်၊ ဧည့်ကြိုကောင်တာ၊ Lobby တွင်အနည်းဆုံး (၁) မီတာ အကွာအဝေး လမ်းလျှောက်/တန်းစီအမှတ်အသားများပြုလုပ်ရန်နှင့် အဝင်/အထွက် လမ်းကြောင်းများ ဆောင်ရွက်ထားရန်၊

(၈) ဧည့်သည်များအတွက် ပါးစပ်နှင့် နှာခေါင်းစည်း ( Mask) များ ၊ လက်ဆေးရည် (Hand Gel) ဗူးသေးများ ဝယ်ယူတပ်ဆင်သုံးစွဲနိုင်ရန် မှန်ကန်သော ဈေးနှုန်းဖြင့် ရောင်းချပေးနိုင်ရေး စီစဉ်ထားရှိရန်၊

(၉) ဧည့်ခန်းအတွင်း ဧည့်သည်စောင့်ဆိုင်းရန် စားပွဲ၊ ထိုင်ခုံများကို ပိုးသတ်ထားရှိရန်နှင့် အနည်းဆုံး (၁) မီတာ အကွာအဝေးဖြင့် ထားရှိရန်၊

**ဟိုတယ်အိပ်ခန်းတွင် စီစဉ်ဆောင်ရွက်ရန်အချက်များ**

(၁) အိပ်ခန်းတွင်း လက်နှင့်ထိတွေ့မှုများသည့် ကုတင်လက်ရန်းများ၊ စားပွဲများ၊ လေအေးပေးစက်နှင့် တီဗွီ Remote Control ၊ အိမ်သာရေဆွဲခလုတ် ၊ တံခါး/ဗီရိုလက်ကိုင်ကွင်းများ၊ မီးခလုတ်များ ၊ တယ်လီဖုန်း၊ Mini Bar တို့ကို ပိုးသန့်စင် ဆေးရည်ဖြင့် သန့်ရှင်းထားရှိရန်၊

(၂) ဧည့်သည် မရှိသည့် အခန်းများအား ပိုးသတ်ခြင်း၊ သန့်ရှင်းရေးပြုလုပ်ထားရန်နှင့် လေဝင်/လေထွက်ကောင်းမွန်စေရန် ပြတင်းပေါက်များ ဖွင့်ထားရန်၊

(၃) ဧည့်သည်ရှိနေစဉ် အိပ်ခန်းသန့်ရှင်းရေးမပြုလုပ်ခြင်းနှင့် ဧည့်သည်၏ တောင်းဆိုချက်ဖြင့်သာ ဝန်ဆောင်မှုပြုလုပ်ခြင်းဖြင့် ဧည့်သည်နှင့်တိုက်ရိုက်ထိတွေ့ခြင်းကို လျှော့ချနိုင်ရေး အစီအစဉ်များ ဆောင်ရွက်ထားရှိရန်

(၄) အိပ်ခန်းတွင်း အစားအစာ ဝန်ဆောင်မှုပြုရာတွင် ဧည့်သည်နှင့် ဝန်ထမ်း တိုက်ရိုက်မထိတွေ့သည့် နည်းလမ်းဖြင့် အစားအစာပို့ဆောင်ရေး စနစ်များ စီစဉ်ထားရှိရန် (ဥပမာ - အခန်းရှေ့တွင် စားစရာများအတွက် တင်စရာ ခုံ/စားပွဲငယ်များ စီစဉ်ထားခြင်း နှင့် အစားအစာများကို သက်ဆိုင်ရာ အခန်းရှေ့ရှိ သတ်မှတ်နေရာတခုခုတွင် ထားရှိပြီးမှ ဧည့်သည် ကိုယ်တိုင်ထွက်ယူခြင်း)

(၅) ဧည့်သည်ထွက်ခွာသည့်အခန်းများကို ပိုးသတ်သန့်ရှင်းရေး ဆောင်ရွက်ရန်နှင့် ပိုးသတ်ထားရှိပြီးသည့် အခန်းများသို့ ထပ်မံရောက်ရှိလာသည့် ဧည့်သည်များကို ချက်ချင်း နေရာချထားခြင်း မပြုရန်၊

(၆) ဧည့်သည် အသုံးခဲ့ပြုသည့် အိပ်ခန်းသုံး နှင့် အိပ်ရာသုံး ပစ္စည်းများကို အကာအကွယ်ပစ္စည်းများသုံး၍ စနစ်တကျ သိမ်းဆည်း လျှော်ဖွတ်သန့်စင်ရန်၊

**စားသောက်ခန်းမတွင်စီစဉ်ဆောင်ရွက်ရန်အချက်များ**

(၁) စားသောက်ခန်းမတွင် ဧည့်သည်နှင့်ဝန်ထမ်း တိုက်ရိုက်ထိတွေ့မှုကို တတ်နိုင်သမျှလျှော့ချသည့်ပုံစံဖြင့် ဝန်ဆောင်မှုပြုရန်၊ Social Distancing ကို လိုက်နာရန် Buffet ပုံစံ ကျွေးမွေးခြင်းအားမပြုလုပ်ရန် နှင့် Room Service ဖြင့် အတတ်နိုင်ဆုံး စီစဉ်ဆောင်ရွက်သွားရန်၊

(၂) တစ်ယောက်ခြင်းစီ စားနိုင်ပြီး တစ်ဦးနှင့်တစ်ဦးကြားတွင် ကတ်ထူပြား၊ မှန်ပြားတို့ဖြင့် အကာန့်ကန့်ထားပြီး စားသောက်နိုင်ရေး စီစဉ်ပေးရန်၊

(၃) စားသောက်ခန်းမတွင် ထိုင်ခုံများကို အနည်းဆုံး (၁)မီတာ အကွာအဝေး နေရာချထားရန် နှင့် လိုအပ်ပါက စားပွဲ တစ်ခုနှင့်တစ်ခုအကြား အကာအကွယ်များ တပ်ဆင်ရန်၊

(၄) ပန်းကန်၊ဇွန်းများအား တစ်ခါသုံးပစ္စည်းများ (သို့မဟုတ်) ပိုးသတ်ထားသော ပန်းကန်၊ဇွန်းများသာ အသုံးပြုရန်၊

(၅) စားပွဲပေါ်တွင်ခင်းကျင်းမည့် အသုံးအဆောင်ပစ္စည်းများကို အနည်းဆုံးလျှော့ချရန်၊

(၆) အစားအသောက်စာရင်း menu အား လက်ဖြင့် ကိုင်တွယ်ခြင်း မရှိစေရန် ချိတ်ဆွဲထားခြင်း (သို့မဟုတ်) စားပွဲမှန်အောက်၌ ထားရန်၊

(၇) စားသောက်ခန်းမသို့ ဧည့်သည်နှင့်အတူ တည်းခိုသူမဟုတ်သော ပြင်ပမှလာရောက် စားသုံးသူများ၏ အမည်၊ ဆက်သွယ်ရန် ဖုန်းနံပါတ်တို့ကို မှတ်တမ်းထားရန်၊

**အများသုံး နေရာများတွင် သန့်ရှင်းရေး စီစဉ်ဆောင်ရွက်ရန်အချက်များ**

**(အားကစားခန်းမ၊အင်တာနက်ခန်းမ စသည်)**

(၁) ခန်းမရှိ ထိုင်ခုံများ၊ ပစ္စည်းကိရိယာများနှင့် အသုံးအဆောင် ပစ္စည်းများအား ပုံမှန် ပိုးသတ်သန့်ရှင်းရေး ဆောင်ရွက်ရန်

(၂) ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော COVID-19 ဆိုင်ရာ Social Distancing လမ်းညွှန်ချက်များကို ဟိုတယ်ပရိဝုဏ်အတွင်း လိုက်နာဆောင်ရွက်ရန်၊

(၃) ခန်းမသို့ ပြင်ပမှလာရောက်အသုံးပြုသည့် ဧည့်သည်များ၏ အမည်၊ ဆက်သွယ်ရန် ဖုန်းနံပါတ်တို့ကို မှတ်တမ်းထားရန်၊

(၄) လူအများ မကြာခဏထိတွေ့လေ့ရှိသည့် ပစ္စည်းများကို အနည်းဆုံး (၂) နာရီတစ်ကြိမ် 70% Ethyl Alcohol Spray (သို့မဟုတ်) ၇၀% Alcohol ပါဝင်သော ပိုးသန့်စင်ဆေးရည် အသုံးပြု၍ သန့်ရှင်းရန်၊ (ဥပမာ – ဧည့်ကြိုကောင်တာ၊ ဧည့်ခန်းမရှိ ပရိဘောဂ၊ လှေကားလက်ရန်း၊ တံခါးလက်ကိုင်၊ အခန်းသော့နှင့်ကဒ်၊ အများသုံးအိမ်သာ ရေဆွဲခလုတ်၊ ATMs စက်များ)

(၅) အများအသုံးပြုသည့် အဝင်အထွက်မှန်တံခါးများ၊ အခန်းကြမ်းခင်းများ၊ အခြားမျက်နှာပြင်များကို အစွန်းချွတ်ဆေးအမှုန့် Calcium hypochlorite 0.1% ( 1000 ppm ) ၊ အစွန်းချွတ်ဆေးအရည် Sodium hypochlorite 0.1% ( 1000 ppm ) ၊ 70% Ethyl Alcohol ၊ ဆပ်ပြာ နှင့် ရေ ၊ 1:50 Hypochlorite Solution (1000 ppm) တို့ အသုံးပြု၍ တစ်ရက်လျှင် အနည်းဆုံးနှစ်ကြိမ် ဆေးကြောရန်။ (1:50 Hypochlorite Solution (1000 ppm) ကို ရရှိရန် ရေ(၁)လီတာတွင် ၅% အိမ်သုံးအရောင်ချွတ်ဆေး လက်ဖက်ရည်ဇွန်း (၄) ဇွန်းထည့်၍ဖျော်နိုင်ပါသည်။)

(၆) လေအေးပေးစက်များကို အမြဲမပြတ် သန့်ရှင်းရေးလုပ်ရန်၊ လိုအပ်ပါက လေစစ်စကာများကို အသစ်လဲလှယ်ရန်၊ အခန်းများအားလုံး လေဝင်လေထွက်ကောင်းအောင် စီမံထားရှိရန်။

(၇) ဟိုတယ်ပုရိဝုဏ်အတွင်း အဖုံးပါသောအမှိုက်ပုံးများ အလုံအလောက်ထားရှိပေးရန်နှင့် အသုံးပြုပြီးသော တစ်ခါသုံးလက်အိတ်များ၊ Surgical Mask ၊ Face Shield များကို စနစ်တကျစွန့်ပစ်ခြင်းနှင့် စနစ်တကျ အမှိုက်သိမ်းဆည်းခြင်း တို့ ဆောင်ရွက်ရန်၊

**အထွေထွေ**

(၁) ဟိုတယ်သို့ လာရောက်တည်းခိုမည့်သူများ အနက် COVID-19 ရောဂါလက္ခဏာများဖြင့် သံသယရှိသူ တွေ့ရှိပါက နီးစပ်ရာ ကျန်းမာရေးဌာနသို့ ချိတ်ဆက်ကာ အမြန်ဆုံး သတင်းပို့ကာ စစ်ဆေးမှု ခံနိုင်ရေး စီစဉ်ဆောင်ရွက်ထားရန်၊

(၂) အဆိုပါ သံသယရှိသူအနေဖြင့် ကျန်းမာရေးဌာန မှ COVID-19 ရောဂါ ရှိ/မရှိ အတည်ပြုချက်ဖြင့်သာ ဧည့်သည်လက်ခံခြင်း ဆောင်ရွက်ရန်၊

(၃) တည်းခိုနေသူများထံ လာရောက်တွေ့ဆုံသော ပြင်ပဧည့်သည်များအတွက် အမည်၊ နေရပ်လိပ်စာ၊ ဖုန်းနံပါတ် စသည်တို့ ဖြင့် ပြင်ပဧည့်တွေ့ မှတ်တမ်းစာအုပ်ထားရှိရန်၊

(၄) တည်းခိုခဲ့သည့်ဧည့်သည်များအနက် COVID-19ရောဂါအတည်ပြုလူနာပေါ်ပေါက်ခဲ့သော် ဟိုတယ်ဝန်ထမ်းများ၊တည်းခိုသူများအား အသွားအလာကန့်သတ်ထားရှိရန်နေရာအဖြစ် ရည်ရွယ်ကာ ထားရှိမည့် ဟိုတယ်/တည်းခိုရိပ်သာ Quarantine Center အဖြစ် ဆောင်ရွက်ရန်အတွက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားရှိသော ဟိုတယ်/တည်းခိုခန်း ( Hotel / Guest House ) Quarantine Center များ ပြင်ဆင်ခြင်းနှင့်လိုက်နာဆောင်ရွက်ရမည့်အချက်များ အတိုင်း ပြင်ဆင်ဆောင်ရွက် ထားရှိ သွားရန်၊

(ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော COVID-19 ရောဂါ ကာကွယ် ထိန်းချုပ်ခြင်းဆိုင်ရာ လမ်းညွှန်ချက်များအရ ကိုးကားဖော်ပြပါသည်။)